## ဥပဒေပြဋ္ဌာန်းချက်

- ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)ပါ ဇယားအမှတ်စဉ် ၄၃ အရ ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ **အဖွဲ့အစည်း**အမည်ဖြင့် ပြည်တွင်းပြည်ပမှဝယ်ယူသည့် **ကုန်စည်**များသည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ပါ။

- ၂၀၂၃ ခုနှစ် ၊ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဃ) ပါ ဇယားအမှတ်စဉ် ၂ အရ ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများမှ **အဖွဲ့အစည်းအမည်**ဖြင့် ပြည်တွင်းမှ ရယူသည့် **ဝန်ဆောင်မှုများ**သည် ကုန်သွယ်လုပ်ငန်းခွန် မကျသင့်ပါ။




## ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်များ

ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် –

- အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှ ကုန်စည်များ ဝယ်ယူရာတွင်ဖြစ်စေ၊ ပြည်တွင်းမှဝန်ဆောင်မှုများ ရယူရာတွင်ဖြစ်စေ ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် မလိုအပ်ပါ။

- သို့ပါ၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရေး မိမိတို့အဖွဲ့အစည်းမှ ဝယ်ယူခြင်း/ ရယူခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့အစည်း၏ အကြီးအကဲ သို့မဟုတ် တာဝန်ခံအရာရှိ၏ ထောက်ခံချက် အထောက်အထား စသည့်စာရွက်စာတမ်းများအား ကုန်စည်ရောင်းချသူ/ ဝန်ဆောင်မှုဆောင်ရွက်သူများသို့ ပြသရန်လိုအပ်ပါသည်။



## လိုက်နာဆောင်ရွက်ရမည့်အချက်များ

ကုန်စည်ရောင်းချသူ / ဝန်ဆောင်မှုဆောင်ရွက်သူများအနေဖြင့် –

- ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများအား ကုန်စည်ရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းအပေါ် ကုန်သွယ်လုပ်ငန်းခွန်မပါ တန်ဖိုးဖြင့် ရောင်းချဆောင်ရွက်ရမည်ဖြစ်ပါသည်။


- ထိုသို့ ရောင်းချဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများက ဝယ်ယူခြင်း၊ ရယူခြင်းဖြစ်ကြောင်း အထောက်အထား/ စာရွက်စာတမ်းများအား သေချာစွာစိစစ်၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါ အဖွဲ့အစည်းများနှင့် ပတ်သက်သည့်စာရင်းအား သီးသန့်ခွဲခြား ပြုစုထားရှိရမည် ဖြစ်ပါသည်။

## စာရင်းမှတ်တမ်းအထောက်အထားများကိုထိန်းသိမ်းခြင်း

- ယင်းအဖွဲ့အစည်းများထံမှ ရယူထားသည် အထောက်အထား/ စာရွက်စာတမ်းများနှင့် စာရင်းများအား အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ(ခ)အရ ထိန်းသိမ်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။


- အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ဂ)အရ လုပ်ဆောင်ချက်တစ်ခုကို ပြုလုပ်သည့်နေ့မှစ၍ **ခုနှစ်နှစ်** ကြာမြင့်သည့်ကာလအထိ ထိန်းသိမ်းထားရှိရမည် ဖြစ်ပါသည်။

- ခုနှစ်နှစ်ထက် ပိုမိုကြာမြင့်သည့်ကိစ္စဖြစ်ပါက ယင်းမှတ်တမ်းများနှင့် သက်ဆိုင်သည့် အခွန်ကာလတစ်ရပ်ရပ်အတွက် အခွန်စည်းကြပ်ရန် ကာလစည်းကမ်းသတ် ကုန်ဆုံးသည်အထိ ထိန်းသိမ်းထားရမည် ဖြစ်ပါသည်။



## စာရင်းမှတ်တမ်းအထောက်အထားများကိုထိန်းသိမ်းခြင်းအဆက်

- အခွန်စည်းကြပ်မှုဆောင်ရွက်ရာတွင် တာဝန်ရှိသူများမှ အထောက်အထား/စာရွက်စာတမ်းများကို တင်ပြရန် တောင်းဆိုလာပါက မပျက်မကွက် တင်ပြရမည် ဖြစ်ပါသည်။



## ပျက်ကွက်မှုအတွက် ဒဏ်ကြေးငွေများ

- မည်သူမဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ အရလည်းကောင်း၊ အခွန်ဥပဒေတစ်ရပ်ရပ်အရ လည်းကောင်းထားရှိရန် လိုအပ်သည့် အထောက်အထား/ စာရွက်စာတမ်းများကို ထိန်းသိမ်းရန်ပျက်ကွက်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၇၀၊ ပါ ဒဏ်ကြေးငွေကို ပေးဆောင်ရမည် ဖြစ်ပါသည်။




## ကျေးဇူးတင်လွှာ

- နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲဥပဒေများနှင့်အညီ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ အခွန်ပေးဆောင်ကြသော လုပ်ငန်းရှင် (အခွန်ထမ်း) များအား အထူးကျေးဇူးတင်ရှိပါသည်။




ပြည်တွင်းအခွန်များဦးစီးဌာန

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)၊ အမှတ် ၁၂၈/ ၁၃၂၊ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၈-၃၈၉၃၁၁၊ ဖုန်း- ၀၁- ၈-၃၈၉၃၂၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း- ၀၂- ၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ဖုန်း-၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird,gov.mm သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

ပြည်တွင်းရှိ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ အဖွဲ့အစည်းအမည်ဖြင့် ပြည်တွင်းပြည်ပမှဝယ်ယူသည့် ကုန်စည်များနှင့် ပြည်တွင်းမှ ရယူသည့် ဝန်ဆောင်မှုများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့်စပ်လျဉ်း၍ သိကောင်းစရာများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

**https://www.ird.gov.mm**

**“Tax by the Law, Service by our Heart”**